နန့်မြင်းကျေးရွာ

နန့်ဝါကျေးရွာအုပ်စု၊ ဝိုင်းမော်မြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့်

ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊နန့်မြင်းကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ဝိုင်းမော်မြို့နယ်၏ အကူညီဖြင့် ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ၊

၁။စကားချီး ၃
၂။သယံဇာတပြန်လည်ပုံ ၅
အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၆
(၁) နိဒါန်း –ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈
(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈
(က) လူဦးရေဆိုင်ရာ အချက်အလက်များ
(ခ) စီးပွားရေးအခြေအနေ –ဝင်ငွေ ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေးနှင့်အဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု
(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၀
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့်ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု– လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၃
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၁၄
(၇) ကျေးရွာတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ ၁၆
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၂
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၃
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ
(၁၁)စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၄

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းကဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုး မှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်သည် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း

(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နန့်မြင်းကျေးရွာ
ဝိုင်းမော်မြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ် ကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊(၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက် များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်၊ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs)၊အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင် ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့်ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ **စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤတို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

(၂)ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

နန့်မြင်းကျေးရွာသည် မြစ်ကြီးနား-ဝိုင်းမော်-ကန်ပိုင်တိကားလမ်းမကြီးနန့်မြင်းေချာင်းတစ်ဖက် ကမ်းချောင်းကူးတံတားဖြတ်ကူးရ ရွာဖြစ်ပါသည်။ ကျေးရွာသည် တောင်ဘက်တွင် နန့်ဝါကျေးရွာ နှင့် ဆည်ေမြာင်းရှိပြီး မြောက်ဘက်တွင် လယ်ကွင်းနှင့် ရော်ဘာခြံရှိပါသည်။ ကျေးရွာသည် မြေပြန့်တွင် တည်ရှိပြီး အေရှ့ဘက်တွင် ဝါရောင်ကျေးရွာနှင့် အေနာက်ဘက်တွင် မုတ်ကျိတ်ေကျးရွာတည်ရှိသည်။ တစ်နှစ်ပျမ်းမျှ မိုးရေချိန် (၆၀) နှင့်(၁၀၀)ကြားတွင်တည်ရှိပါသည်။ရွာသည် နန့်မြင်းချောင်းနှင့် ရော်ဘာခြံကြားတွင်ရှိပြီး သောက်သုံး ရေအဆင်မပြေပါ။ဤေကျးရွာသည် ရွာလမ်းကြားခင်းရန် ပြည်နယ်လွှတ်ေတာ်ရန်ပုံငွေ(၂၀၁၀-၂၀၁၇)အထိ (၃၀၀၀၀၀) တစ်ကြိမ်သာရခဲ့ပြီး (၂၀၂၀)ခုနှစ်တွင် ပြည်နယ်လွှတ်ေတာ်ရန်ပုံ(၁၀၀၀၀၀၀)ရရှိသည်။ရွာလမ်းကြားသွားလာရ ကောင်းမွန်စေရေးအတွက် နှစ်စဉ်ရပ်မိ/ရပ်ဖများနှင့် ရွာသူရွာသားများမိမိလုပ်အားဖြင့် တစ်နှစ် အနည်းငယ်စီ လမ်းခင်းပါသည်။

(ခ) သဘာဝအရင်းအမြစ်

ဤကျေးရွာ၏ လယ်ယာမြေသည် မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပြီး အချို့လယ်ယာ မြေများတွင်နှစ်စဉ်နှုန်းတင်မြေနုရှိသည်။ ဤကျေးရွာတွင် လယ်ကွင်းအဓိက(၃)ကွင်းရှိပြီး လယ်(၁၃၉) ဧကရှိပါသည်။ လယ်ထဲတွင် မိုးစပါးတစ်မျိုးတည်းသာ စိုက်ပျိုးပြီး ယာခင်းများသည် ဆောင်းသီးနှံ များဖြစ် ကြသော ပဲ၊ နှမ်း၊မုန်ညှင်းစိုက်ပျိုးကြသည်။ တွင်းထွက်၊ရေနံသဘာဝဓါတ်ငွေ့သံယဇာတများ မထွက်ရှိပါ။ ဤကျေးရွာသည် သီးခြားစားကျက်မြေအနည်းငယ်သာရှိသဖြင့် ကျွဲ၊နွားအနည်းငယ်ေမွးကြပြီး အိမ် မွေးအဖြစ် ကြက်နှင့်ဝက် တိုင်တနိုင်ေမွးကြသည်။ဥစားကြက်၊အသားစားကြက် စီးပွားဖြစ် မွေးမြူခြင်းမရှိပါ။

(၃)ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်

အိမ်ထောင်စုပေါင်း(၇၅)စုနှင့် ကျား(၁၅၉)ဦး၊မ(၁၅၆)ဦးဖြင့် လူဦးရေ စုစုပေါင်း (၃၁၅)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၀၀)ဦးနှုန်းရှိပြီး နိုင်ငံတော်သတ်မှတ်ချက် တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅)ဦး ထက် ပိုသည်။ ကချင်/ရှမ်းလူမျိုးအများစုနေထိုင်ကြသည်။ အလုပ်လုပ်နိုင်သော အရွယ် သည့် လူဦးရေ၏(၅၀%) ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့် သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ ကျေးရွာတွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်ေလျှာ့နည်း သည်။

(ခ)စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး သာမန်အားဖြင့် ဝင်ေငွ လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၅၅%)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲ

အဆင့်တွင်ရှိကြပြီး(၁၀%)သည် ချမ်းသာသည့် အဆင့်၊(၂၀%)သည် အလယ်အလတ်အဆင့်ရှိကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုအသင့်အတင့်ရှိပြီး လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုတွင် အိမ်ထောင်စု အားလုံး၏ (၆%)ခန့်ရှိသည်။ ဆည်ရေသွင်းစိုက်နိုင်သောလယ်များမှာ ကျေးရွာရှိ လယ် အားလုံး၏ (၃၀%)ခန့် ရှိသည်။ဤကျေးရွာသည် လယ်(၁)ဧကမှ (၃)ဧကအထိ ပိုင်ဆိုင်မှုများ အသင့် အတင့်ရှိပြီး လယ်ယာ၊ကျွဲ၊နွားပိုင်ဆိုင်မှုမရှိသော အလွန်ဆင်းရဲအိမ်ထောင်စုသည် ကျပန်း၊လက်သမား၊ ပန်းရံလုပ်ငန်းလုပ်သူ ကျေးရွာတွင် (၁၀)အိမ်ထောင်စုခန့်ရှိသည်။

(ဂ)**ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ေကျးရွာတွင် မြေယာမဲ့အိမ်ေထာင်စုများပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်းများမှ နေ့စားလုပ်သားများပြုလုပ်ကြပြီး သီးနှံသိမ်းရာသီပြီးဆုံးချိန်တွင် အလုပ်ရှားပါးမှု ပြဿသာန်ကြုံတွေ့ရသည်။ အချို့အိမ်ေထာင်စုများသည် သူများထံမှ ချေးငှားပြီးမှ နှပ်မှန်အောင်စားနိုင်သော်လည်း အလွန်ဆင်းရဲ ထဲမှ(၂၀)ခန့်ရှိ သည်။သီးနှံပေါ်ချိန်တွင် မိမိလုပ်အားဖြင့်ရပ်တည်နိုင်ပြီး မိုးတွင်စပါးစိုက်ပြီးချိန်တွင် သူတပါးထံ တွင် ချေးငှားရချိန်ဖြစ်ပါသည်။

အိမ်ထောင်စုတိုင်းလိုလို (၂၀၀၀၀)ကျပ်မှ (၃၀၀၀၀၀)ကျပ်အထိ အကြွေးတင်ရှိသည်။လယ် (၅)ဧက မှ (၁၅)ဧကပိုင်ဆိုင်သော တောင်သူများသည် (၅)သိန်းမှ (၁၅)သိန်းအထိ အကြွေး(၈)လတင်ရှိ ကြသည်။ မုဆိုးမဦးစီးသော အိမ်ထောင်စု(၁၀%)ခန့်ရှိပြီး မုဆိုးဖိုဦးစီးသော အိမ်ထောင်စု(၅%)ခန့်ရှိ သည်။ထင်းတို့ သည်လည်း အလွန်ဆင်းရဲသောအိမ်ထောင်စုများဖြစ်ကြသည်။

မသန်စွမ်းသူ(၁၀)ဦး၊သက်ကြီးရွယ်အိုပိုင်းတွင် စောင့်ရှောက်မှုလွတ်ကင်းပြီး လူငယ်လူရွယ်များသည် ဤဒေသတွင် ကျောက်မှော်၊ရွှေမှော်များပြီး ရွာပြင်ပထွက်ပြီး ငွေရှာသူများ(၅)ယောက်ခန့် ကူးစက်ရောဂါရရှိပြီး အချို့လူငယ်များသည် အရက်သောက်၊မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်လည်းရှိတတ် ပါသည်။ ရွာသည် ချောင်ဖြစ်၍ လမ်းကျင်းသောကြောင့် ယဉ်မေတာ်တဆမှုသည် တစ်နှစ်အတွင်း ရံဖန်ရံခါ သာရှိပါသည်။

(ဃ)**ကျန်းမာရေးနှင့်အဟာရ**

ဤကျေးရွာတွင် လူကြီးလူငယ်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြသည်။ရွာသား အားလုံးလိုလို တစ်ကိုယ်ရည်သန့်ရှင်းမှုရှိကြပြီး အဟာရလည်း အတန်အတင့်ပြည့်ဝသည်။တုပ်ကွေး ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ရံဖန်ရံခါဖြစ်တတ်သည်။ ကျေးရွာသားများသည် အခြေခံ ကျန်းမာ ရေးစောင့်ရှောက်မှုများကို ကျေးရွာတွင်မရရှိနိုင်ေသာေကြာင့် ဆက်သွယ်ေရးအခက်အခဲကိုနှစ်စဉ်ကြုံတွေ့ရ ပါသည်။ဝိုင်းမော်မြို့သို့ (၈)မိုင်ကွာဝေးပြီး တိုင်ရင်းဆေးရုံကြီး(၁၆)မိုင်ကွာဝေးပါသည်။ကျေးရွာတွင် ဆေးပေးခန်း၊ဆေးရောင်းသော ဆေး ဆိုင်များလည်း

ဤကျေးရွာသည် ချောင်းနှင့်ရော်ဘာခြံကြားတွင် တည်ရှိပြီး သန့်ရှင်းသောသောက်သုံး ရေမရရှိပါ။ ဝမ်းပျက်ဝမ်းလျှောရောဂါရံဖန်ရံခါသာ ဖြစ်တတ်သည်။ ငှက်ဖျားရောဂါကို မိုးဦးနှင့် မိုးလည် မှာဖြစ်ပြီး

အောက်ရပ်ကွက်နှင့်တွဲထားသော အခမဲ့ငှက်ဖျားတိုက်ဖျက်ရေး စေတနာဝန်ထမ်းလည်း (၁)ဦး ရှိသည်။ ယခုနှစ်တွင် ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းနေကြောင်း တွေ့ရသည်။ဤကျေး ရွာတွင် ကန်ရေမရှိဘဲ တွင်းရေသာ တိမ်တိမ်ဖြင့် ရရှိနိုင်သဖြင့် တစ်ရွာလုံးတွင်းရေကိုသာ အသုံးပြုကြ ပါသည်။

(ဂ)**ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ဤကျေးရွာတွင် ယခု(၅)နှစ်အတွင်း ဘွဲ့ရလူငယ်များ(၁၆)ယောက်ခန့်ရှိကြပြီး အသက်(၂၂၊ ၄၀)ဝန်း ကျင် လူငယ်လူလတ်ပိုင်းများသည် ရေးတတ်ဖတ်တတ်များပြားသည်။ကျေးရွာတွင် မူလတန်း ကျောင်းတစ် ကျောင်း (၁)ထပ်သွပ်မိုး၊အုတ်ကာရှိသည်။အလယ်တန်း(ခွဲ)ကို (၄)ဖာလုံခန့်ဝေးသော အောက်မုတ်ကျိတ်သို့ ၎င်းအထက်တန်းကျောင်းကို (၂)မိုင်ခွဲခန့်ဝေးသော ဝါရှောင်တွင်ရှိပါသည်။ ရွာတွင် စိုက်ပျိုးရေးနည်းစနစ် မကျွမ်း ကျင်ဘဲ နိမ့်ကျနေကြောင်း တွေ့ရသည်။

(စ)**ကျား-မရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မ ရေးရာဆိုင် ရာ တာဝန်ယူမှုအပိုင်းတွင်းလည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထား ကြသည်။ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် ကျား-မ တန်းတူလုပ်အားခ ရရှိပါသည်။ပညာရေးဆိုင်ရာ အခွင့်အလမ်းများလည်း အတူတူပင်ဖြစ်သည်။ရွာတွင် ပညာတတ်လူငယ်များသည် ယောကျ်ားများထက် မိန်းကလေး ပိုများနေသည်။ အလယ်တန်း၊အထက်တန်းကျောင်းတွင် လူငယ်များသည်လည်း မိန်းကလေးဦးရေသည် ယောကျ်ားလေး ဦးရေထက် (၂၀%)ပိုများပြားသည်။

၄။ **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၃)ဖွဲ့၊ စာပေနှင့်ယဉ်ကျေးမှု ဆိုင်ရာအဖွဲ့နှင့် စီးပွားရေး ဆိုင်ရာအဖွဲ့အစည်းတို့ရှိသည်။အမျိုးသမီးရေးရာဆိုင်ရာအဖွဲ့လည်း ရှိသည်။ ဖွံ့ဖြိုးရေးဆိုင်ရာ ကျေးလက် ဖွံ့ဖြိုးရေးဆိုင်ရာ ကော်မတီများဖွဲ့ပြီး အသေးစားငွေချေးလုပ်ငန်းဖြစ် သည့် သမဝါယမအဖွဲ့၊မြစိမ်းရောင်အဖွဲ့ နှစ်ဖွဲ့ကို ပြင်ပမှ လာရောက်ဖွဲ့စည်းထားခြင်းဖြစ်ပြီး အသေးစား ငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။ ရွာငွေစုငွေချေးလည်ပတ်ဆောင်ရွက်မှုတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့ အစည်းဆိုင်ရာ သဘောတရားတို့နှင့်ပတ်သက်၍ အားနည်းကြပြီး စွမ်းဆောင်ရည်မြင့်တင်ရေး အတွက် သင်တန်းရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီ မံအုပ်ချုပ်မှု ၊စီးပွားရေးတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

ကျေးရွာတွင် စီမံကိန်းဆိုင်ရာလုပ်ငန်းများ၊အစုအဖွဲ့လိုက် အသေးစားငွေစုငွေချေးအဖွဲ့တွင် ကျား-မ တန်းတူအခွင့်အရေးရရှိကြသည်။

(ခ)**သီးနှံနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် လယ်ဧက(၁၅၆)ဧကရှိသည်။အဓိက မိုးစပါးစိုက်ကြသည်။ကျေးရွာဆည်ရေသွင်း စိုက်ပျိုးနိုင်သောလယ်(၅၀)ဧကခန့်ရှိပြီး ကျန်လယ်များသည် မိုးရေခံဖြစ်သည်။သီးထပ်အဖြစ် ယခုနှစ်တွင် ပြင်ပအဖွဲ့မှ ဦးစီး၍ မျိုးကောင်းမျိုးသန့်များ ပံ့ပိုးပေးပြီး ရှမ်းပဲပုတ်၊မြေပဲတို့ကို စိုက်ပျိုး ကြသည်။မိုးစပါးသည် ပျမ်းမျှထွက်နှုန်း (၁)တန်(၈၀)တင်းအထက် ထွက်ရှိသည်။ယခုနှစ်တွင် ဖျက်ပိုး ကြောင့် စပါး(၅၀%)ခန့် ပျက်ဆီးခဲ့သည်။ နွေးစပါးစိုက်ပျိုးမှုတွင် အအေးပိုင်းဒေသဖြစ်၍ အောင်မြင်မှု နည်းပါးသည်။ဆောင်းသီးနှံအဖြစ် ပဲအမျိုးမျိုး၊ နှမ်း၊မုန်ညှင်းတို့ကို စိုက်ပျိုးကြသည်။ဆောင်းသီးနှံစိုက် ပျိုးမှုတွင် နည်းပညာနည်းခြင်းကြောင့် အသင့်အတင့် သာ အောင်မြင်ပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း နည်းပါးသည်။အခြားဝင်ငွေလုပ်ငန်းများမှာ စျေးရောင်း၊ အစိုးရဝန်ထမ်းနည်းပါးပြီး ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်း၊နေ့စားလုပ်ငန်းများ အသင့်အတင့်ရှိသည်။ ကျန်သောအချိန်များတွင် ဝင်ငွေပုံမှန်မရှိခြင်းကြောင့် တွက်ခြေကိုက်မှုမရှိချေ။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောသူ ကျား-မ များပြားပြီး စိုက်ပျိုးရေးလုပ်ငန်း မလုပ်သော အချိန်တွင် အရွယ်ကောင်း ကျား-မ များသည် ကျေးရွာတွင် အလုပ်အကိုင်ရှားပါးမှုကြောင့်အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ကြသည်။

(ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ဤကျေးရွာသည် ဘိုးဘွားများခေတ်တွင် ဓါတ်မြေဩဇာမရှိ၍ မြေမှာ သဘာဝအလိုက် ကောင်းပြီး ယခုခေတ်တွင် သဘာဝဓါတ်မြေဩဇာများ ပိုးသတ်ဆေး၊ခရုသတ်ဆေးများ အသုံးပြုခြင်း ကြောင့် သဘာဝငါးများ နည်းပါးလာပြီး မြေဆီလွှာများလည်း အရည်အသွေးကျဆင်းမှုများရှိသည်။ အမှိုက်စွန့်ပစ်မှုတွင် ကျေးရွာဖြစ်သောကြောင့် မိမိအိမ်အတွင်း မီးရှို့ပြီး အသင့်တင့် သန့်ရှင်းသည်ကို တွေ့ရပါသည်။

(င)**ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို တစ်လလျှင် (၁.၅%)ဖြင့် အများဆုံးဆယ်ဧကချေးယူနိုင်သည်။ကျေးရွာတွင် မြန်မာ့သမဝါယမအသင်းမှ ဖွဲ့စည်းပေးထားသောအစုအဖွဲ့မှာ တစ်အိမ်ထောင်လျှင် အစုအဖွဲ့ဝင်များအတွက် (၆)လတစ်ကြိမ်ချေးပေးပြီး ကျန်အပြင် အဖွဲ့ဖြစ်သောမြစိမ်းရောင်စီးမံကိန်းအဖွဲ့မှလည်း အစုအဖွဲ့ဖွဲ့ပြီး တစ်နှစ်လျှင်တစ်ကြိမ်(၁၅%)အတိုးဖြင့် အနည်းအကျဉ်း ချေးပေးပါသည်။

ကျေးရွာတွင်မိသားစုအချင်းချင်းငွေချေးငှားရာတွင်တစ်လလျှင်(၅%)မှ(၁၀%)အထိရှိပြီး တောင်သူများ မချေးယူနိုင်ပါ။

(စ) **ပညာရေး၊ကျန်းမာရေး၊ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် (၁၀၀'x၃၂'x၁၀')အရွယ်ရှိ သွပ်မိုး၊အုတ်နံရံကာနှင့် (၆၀'x၃၀'x၁၀')အရွယ်ရှိ သွပ်မိုး ကျောင်းဆောင်နှစ်ဆောင် မူလတန်းကျောင်းရှိသည်။ရွာသားများသည် အသက်(၅၀)အထက် တွင် ရေးတတ် ဖတ်တတ်မှုနည်းပါးပြီး အသက်(၄၀)တွင် လူလတ်များအသင့်တင့်ရေးတတ်ဖတ်တတ်ကြသည်။ ဘုန်းတော်ကြီး ကျောင်းပညာရေးမရှိပါ။ဤကျေးရွာတွင်ဆရာ/မ(၄)ယောက်၊မူကြို ကျောင်းဆရာမအပါ ဖြစ်သည်။ အလယ်တန်း အဆင့်သည် အုပ်စုမူလွန် ကျောင်းတွင် တက်ရောက်ကြပြီး အထက်တန်းမှ အချို့မြို့ပေါ်သို့ သွားရောက် သင်ယူကြပြီး အချို့တွင်ကျေးရွာနှင့်(၃)မိုင်ခန့်ဝေးသော ဝါရှောင်တွဲဘက် (အထက)သို့ တက်ရောက်သင်ယူ ကြသည်။

ကျေးရွာတွင် တစ်အုပ်စုလုံးဆေးပေးခန်းမရှိပါ။အနီးရှိ နန့်ဝါေကျးရွာတွင်နယ် စည်းမထားအဖွဲ့မှ ၄က်ဖျားကုသရန် အခမဲ့ဆရာမတစ်ယောက်ခန့်ထားသည်။အခြားပြင်ပဆေးခန်းမရှိပါ။ဝိုင်းမော်-မြစ်ကြီးနားမြို့ နှင့်(၁၀)မိုင်သာဝေးသောကြောင့် အဝေးပြေးကတ္တရာလမ်းမပေါ်ရှိသောကြောင့် ကျန်းမာရေးဝန်ဆောင်မှု အသင့်တင့်လွယ်ကူသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် လက်နှိပ်ရေတုံကင်နှင့် မော်တာသုံးရေတုံကင်နည်း ပါးသည်။ ချောင်းနှင့်ရော်ဘာခြံကြား တည်ရှိသောရွာဖြစ်၍ တွင်းရေနှင့်ေချာင်းေရကို လွယ်ကူစွာ အသုံးပြု နိုင်သည်။

ဤကျေးရွာတွင် ဆင်းရဲသောတောင်သူများဖြစ်ကြပြီး အိမ်ယာများကို အချို့တွင် ပျဉ်ခင်းပျဉ် ကာ၊အချို့ဝါးရိုင်းပတ်ဖြင့် များပြားပြီး ချမ်းသာသော မိသားစု(၃-၄)အိမ်သာလျှင် အုတ်ကျင်းအိမ်သာကို အသုံးပြု နိုင်သည်။တစ်ရွာလုံးလိုလို ယင်လုံအိမ်သာအသုံးပြုနိုင်ကြသည်။ရေတွင်းများသည် အင်္ဂတေရေတွင်းများ ဖြစ်သောကြောင့် သန့်ရှင်းမှုရှိသည်။

(ဆ)**လူငယ်နှင့် ယဉ်ကျေးမှု**

ဤကျေးရွာသည် ကချင်/ရှမ်းလူမျိုးများဖြစ်ကြပြီး ဘိုးဘွားများ ထိန်းသိမ်းခဲ့သော လူမှုဆိုင်ရာ ဘာသာအသီးသီးကို ဇရပ်/ဘုရားကျောင်းတွင် သင်တန်းများဖွင့်လှစ်ရှိသည်။လူမှုေရးပွဲများတွင် လူပျို၊အပျို၊ ကျောင်းသူ/ကျောင်းသားများ ရိုးရာအကများဖြင့် တင်ဆက်ေလ့ရှိပါသည်။

(ဇ)**အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာတွင်း အစိုးရနှင့်အဖွဲ့အစည်းများမှ ဦးစီးပြီး လမ်းတံတားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် လျှက်ရှိသည်။ကိုယ်ထူကိုယ်ထ ရွာလမ်းကြားများကို ပြည်သူထော်လာဂျီများနှင့် ပြည်သူများ ခင်းထား သော လမ်းရှိသည်။ကျေးရွာတွင် ထော်လာဂျီ(၃)စီး၊ဆိုင်ကယ်အစီး(၃၀) စီးနှင့် စက်ဘီး(၂၀)ခန့် သာရှိသည်။

လျှပ်စစ်မီးကို (၂၀၁၄)ခုနှစ် အလယ်ပိုင်းတွင် မဟာဓါတ်အားလိုင်းမှ လာရောက်သွယ်တန်း ပေးပြီး ကျေးရွာအိမ်ခြေ(၈၀%)စီ ရရှိကြသည်။အောက်ရပ်ကွက်တွင် တယ်လီနောတာဝါတိုင်(၁)ခု၊ MPTတာဝါတိုင်(၁)ခု တည်ဆောက်ထားပြီး မိုဘိုင်းဖုန်းဆက်သွယ်မှု လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုမှု

နည်းပါးသည်။ ကျေးရွာတွင် စုစုပေါင်းစာကြည့်တိုက်မရှိပါ။ဝန်ထမ်း(၂)ဦး၊(၃)ဦးသာသတင်းစာနှင့်ဂျာနယ်များ ဝယ်ယူဖတ်ရှုကြသည်။တစ်ရွာလုံးဖုန်းဆက်သွယ်မှုအတိုင်းအတာနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရသည်။

(စျ)**တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးသည်။လွန်ခဲ့သော (၃)နှစ်ခန့်က ကျေးရွာ တည်ငြိမ်အေးချမ်းမှုနည်းပါးသည်။ယခုနှစ်တွင် တည်ငြိမ်အေးချမ်းပြီး ကုန်စည်စီးဆင်းမှုကူးသန်းရောင်းဝယ်မှု အဆင်မပြေပါ။ ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေး၊ အင်တာနက်ဆက်သွယ်ရေးအသုံးပြုကြပြီ လိုအပ် သည့် သတင်းအရင်းအမြစ်များအတွက် ဆက်သွယ်သိရှိနိုင်သည်။ရွာသားများသည် ရဲစခန်းနှင့်လွယ်လင့်စွာ ဆက်သွယ် နိုင်သည်။ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သီးခြားကာကွယ်ရေး၊ အန္တရာယ်လျော့ပါး ရေးအစီအစဉ် မရှိပါ။

၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ အသုံးပြုနိုင်ပြီး ကျေးရွာအိမ်ခြေ(၅၀%)သည် မီးဖိုချောင် ချက်ပြုတ်ရေးတွင် ထင်းသက်သာစေသည်။လူနေမှုအဆင့်အတန်းမြင့်မားရေး၊ကျောင်းသူ/သားများ အတွက် စာကျက်ချိန်အတွက် အထောက်အပံ့များ ရရှိနိုင်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေအားလုံး(၇၀%)မှာအလုပ်လုပ်နိုင်သည့် အရွယ် ဖြစ်ပြီး ဘွဲ့ရလူငယ်များမှာ အလုပ်ရှားပါးမှုကြုံနေရသည်။အသက်မွေးဝမ်းကျောင်းများနှင့် သက်ဆိုင်သည့် သင်တန်း များ လေ့ကျင့်သင်ကြားမှု ပြုလုပ်ပေးခြင်းအားဖြင့် အလုပ်လက်မဲ့နှုန်းကို လျော့ချနိုင်သည်။

(ခ)**အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာတွင်လယ်ယာမြေများ၊မြေဆီအသင့်အတင့်ကောင်းမွန်ခြင်းမှလွဲ၍ အခြားရတနာ သံယဇာတ များ မထွက်ပါ။လူဦးရေတိုးပွားလာသည်နှင့်အမျှ လယ်မြေချဲ့ရန် မြေလွတ်များမရှိ၍ အဟန့် အတားတစ်ရပ်လို ဖြစ်နေပါသည်။အထွက်တိုးရန်သာ အားသွန်ခွန်စိုက် ကြိုးစားရမည်။

ဆောင်းရာသီစိုက်ပျိုးရေးတွင် နည်းပညာအသုံးပြုမှုနှင့် ဓာတ်ေမြဩဇာအသုံးပြုမှုနည်းပါးသည်။ စိုက်ပျိုးရေးတွင် လိုအပ်သော စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊အရင်းအနှီး၊ မျိုးကောင်းမျိုးသန့် အသုံးပြုနိုင်မှု အားနည်းခြင်းကြောင့် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသည်။ဆောင်းသီးနှံ စိုက်ပျိုးရေးတွင် ဘဏ်နှင့် အခြားပြင်ပအဖွဲ့အစည်းများ၊ ချေးငွေထုတ်ချေးပေးခြင်းမရှိပါ။ အတိုးနှုန်းကြီးမားသောအပြင် မိသားစုငွေတိုးချေးစားသူများ ထံမှချေးသုံးရခြင်းကြောင့် တောင်သူများဆင်းရဲတွင်းမှ မရုန်းထွက်နိုင်သော အခြေအနေသို့ ရောက်ရသည်။ ကျေးရွာတွင်းမှလည်း အိမ်တွင်းထုတ်လုပ်မှု လုပ်ငန်း မရှိခြင်း၊အိမ်တွင်း

ကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ ကျွမ်းကျင်တတ်အသိပညာအားနည်းခြင်းကြောင့် အလုပ်အကိုင် နှင့်ပုံမှန်ဝင်ငွေမရခြင်း ဖြစ်သည်။

၆။ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာ ကာလ အတွက် ကျေးလက်ဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေး ပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရေးရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ် များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့ အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

(ခ)အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက် သွားမည်။အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြား နေရာများနှင့်ချိတ်ဆက်ပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး၊နည်းပညာများ ထွန်းကား လာရေးအတွက် စိုက်ပျိုးရေး မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်း တက်ထားသူများမှတစ်ဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ ကိုယ်တိုင် ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှုတိုးတက်စေမည်။

(ခ-၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့်မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊မော်တော်ဆိုင်ကယ် ပြင်နှင့် မိုဘိုင်းဖုန်းပြင် စသော သင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းများကို တက်ရောက် နိုင်ရန် စီစဉ်ပေးမည်။

(ခ-၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်၊ စာသင်ကျောင်းဆောင် တိုးချဲ့ခြင်း၊ ဆရာမနေအိမ်ဆောက်လုပ်ခြင်း၊ အားကစားကွင်းပြုလုပ်ပေးခြင်းဖြင့် ကလေးငယ်များ၏ အရည်

အချင်းကို တိုးမြှင့်လာရေးအတွက် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အထက်တန်းကျောင်းခွဲ ထပ်မံတိုးမြှင့်ပေးရန် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မခန့် ထားရရှိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ-၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့်လိုအပ်သော ကျေးရွာ၏အခြေခံအဆောက်အဦများတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြ မည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင် ရွက်မည်။

၇။**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စ**

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်များ ပြင်ဆင်ရန်ဖြစ်သည်။

(ခ) **စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် စပါးအပြင် ပြောင်းကို သီးထပ်အဖြစ် စိုက်ပျိုးသည်။တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးအတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို တောင်သူများအတွက် သီးနှံပျက်ဆီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာအသုံးပြုပုံများ အပါအဝင်ပိုးမွှားနှိမ်နှင်းရေးနည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်မှုပေးရန် လိုအပ်သည်။

(ဂ)**ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားများသည် စိုက်ပျိုးရေးနှင့် အသေးစားလုပ်ငန်းရှင်များအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေရရန်လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်း မရှိသေးသဖြင့် မြို့နယ် သမဝါယမအသင်းမှ ချေးငွေလိုအပ်သူ ရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ)**ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့်အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့် အလမ်းရှိပါသည်။သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုနည်းပညာ၊စျေးကွက်၊သတင်း အချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ကျေးရွာတစ်ခုလုံး၏အမျိုးမျိုးကွဲပြားနေသောလုပ်ငန်း(ကုန်ထုတ်ခြင်း၊စက်မှုလက်မှုလုပ်ငန်း) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ကျွန်ုပ်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များ၊ယခုအခါ အဆင့်သင့် မတွေ့ရသေးပါ။နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိ အောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်အချို့နှင့် တိုးချဲ့ပညာပေးရန် ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်၊ဒေသမှသည် ကျေးရွာအထိ လိုအပ်သောစီးပွားရေး လုပ်ငန်း စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

၈။ **စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် သဘောတရားနားလည်စေနိုင်မည့် ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် (၅)နှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက (၅)နှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊ (၃)နှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာ ကာလတစ်လျှောက်လုံးတွင်

နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထား သည့်(၅)နှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါ က အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) **ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာ နှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စု သတ်မှတ်ခြင်းသည် စီမံချက်များကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်-

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ ပါဝင်သည်။

(ဂ) **ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့များနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အစည်းအဝေးတွင် သဘောတူသတ်မှတ်ထား သော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ					
ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံချက်အကြောင်းရှင်းလင်းဖော်ပြချက်	မှတ်ချက်
လမ်းပန်းဆက်သွယ်ရေးလမ်း၊ တံတား ကောင်းမွန်လာစေရေး	ပို့ဆောင်ရေးအခြေခံဆောက်အဦများ တိုးတက်လာစေရေး	၉၀	၁	-ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း၍ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း -ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း -ရွာတွင်း ကွန်ကရစ်တံတားငယ်များတည်ဆောက်ခြင်း	ကျေးလက်ဦးစီးဌာန
အခြားဝင်ငွေရလုပ်ငန်းများ သင်တန်း၊စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း	အလုပ်အကိုင်အခွင့်အလမ်းများ ပြားလာစေရေး	၈၅	၂	-ဒေသနှင့် သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာပေးခြင်း (စက်ချုပ်၊မုန့်လုပ်၊စက်ပြင်၊ဆိုင်ကယ်ပြင်) -အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာ ပံ့ပိုးမှုတင်ပြတောင်းဆိုခြင်း -အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းဆိုင်ရာ သက်ဆိုင်ရာမူဝါဒ၊နိုင်ငံခြားသို့ အလုပ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့်လုပ်ထုံးလုပ်နည်းမူဝါဒ	ကျေးလက်ဦးစီးဌာန
ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း	သင့်တင့်သော အတိုးနှုန်းဖြင့် ကာလ	၆၅	၃	-ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း -အတိုးနှုန်းသက်သာပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ခြင်း	ကျေးလက်ဦးစီးဌာန သမဝါ

ချေးငွေလက်လှမ်းမှီရေး	ရွာညီချေးငွေပေးနိုင်မည့်အဖွဲ့များနှင့် ချိတ်ဆက်ရေး			-အကျိုးတူကန်ထရိုက်စနစ်ဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် တောင်းခံခြင်း	ယမဦးစီးဌာန
ကျန်းမာရေးကျေးရွာ၏ကျန်းမာရေးတိုးတက်လာစေရေး	ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုးတက်လာစေရေး	၆၅	၅	-ကျေးလက်ဆေးပေးခန်းအဖြစ် တောင်းခံခြင်း မြို့နယ်ကျန်းမာရေးဌာနနှင့်ချိတ်ဆက်ခြင်း -ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း	ကျန်းမာရေး ဦးစီးဌာန
လူငယ်ယဉ်ကျေးမှုနှင့် အားကစားလူငယ်များ စွမ်းဆောင်ရည်တိုးတက်လာစေရေး	လူငယ်များကျန်းမာကြံ့ခိုင်ပြီးစာပေဗဟုသုတလေ့လာနိုင်စေရေး	၆၀	၆	-အားကစားကွင်းနှင့် ပစ္စည်းများတင်ပြတောင်းခံခြင်း -စာကြည့်တိုက်များတည်ဆောက်ခြင်း၊စာပေဟောပြောပွဲများပြုလုပ်ခြင်း -မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ပညာပေးဟောပြောပွဲများပြုလုပ်ခြင်း -ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်း	အား/ကာယဦးစီးဌာန ပြန်ဆက်ဦးစီးဌာန
ရေကောင်းရေသန့်ရရှိမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး	ကျေးရွာတွင်းသောက်သုံးရေလုံလောက်စွာရရှိစေရေး	၇၅	၇	-သောက်သုံးရေလုံလောက်စွာ ရရှိရန် ရေတွင်းများတောင်းခံခြင်း -ရန်ပုံငွေတောင်းခံခြင်း -ကော်မတီများဖွဲ့စည်းခြင်း	ကျေးလက်ဦးစီးဌာန

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	**စီမံချက်(Project)**	ဦးစားပေးအဆင့်	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄
၁	လမ်းပန်းဆက်သွယ်ေရး(ချောင်းကူးသံဘောင်တံတား)	၁	A	A	A	A	A
၂	မူးယစ်ဆေးဝါးပပျောက်ရေး	၂	A	A	A	A	A
၃	အလုပ်အကိုင်ရှားပါးခြင်း	၃	A	A	A	A	A
၄	လူသားအရင်းအမြစ်သယံဇာတအရင်းအမြစ် ကောင်းမွန်ပြီး ငွေလုံးငွေအရင်းအမြစ် လို အပ်ခြင်း	၄	-	A	A	A	A
၅	ငွေရေးကြေးရေး ခက်ခဲခြင်း	၅	A	A	A	A	A
၆	လူလတ်ပိုင်းပညာရေးအားနည်းခြင်း	၆	A	A	A	A	A
၇	စိုက်ပျိုးရေးကဏ္ဍနည်းပညာလိုအပ်ခြင်း	၇	A	A	A	A	A
၈	ဘေးကင်းလုံခြုံရေး	၈	A	A	A	A	A
၉	သန့်ရှင်းမှုအားနည်းခြင်း	၉	A	A	A	A	A
၁၀	ကျေးရွာတွင်းလမ်းမကောင်းခြင်း	၁၀	A	A	A	A	A
၁၁	အစုအဖွဲ့ဖြင့် စနစ်တကျလုပ်ကိုင်ရာတွင် အမျိုးသမီးရုံးတွင် မရှိခြင်း	၁၁	-	A	A	A	A

၉။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာအဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။

အမှန်တကယ်လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက် နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် အချို့ စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှု ပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ် ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်း ကိရိယာ၊အချိန် စသည်တို့)

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	မူးယစ်ဆေးဝါးပပျောက်ရေး	√				
၂	ကျေးရွာ၏ ပညာရေးတက်မြောက်မှု တိုးတက်လာစေရေး			√		
၃	ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက် လာစေရေး	√				
၄	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး		√			
၅	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတကျွမ်းကျင်မှုများ တိုးတက်ရေး		√			
၆	မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက် ရေး			√		
၇	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး				√	
၈	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး					√

၉	သင့်တင့်သောအတိုးနှုန်းဖြင့်ကာလရှည် ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ရေး			✓		
၁၀	လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင် ပေးရေး				✓	

၁၀။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်ပါသဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘ ဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ)**ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုအပ်ပါမည်။ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

(ဂ)**ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင် ၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်သွားပါမည်။

(၁၁)**စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင်တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲ

ဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။သို့မှသာ ရည်ရွယ်သည့် အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း အကောင် အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ဤသို့ ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က)**ကြီးကြပ်စစ်ဆေးခြင်း**

